



စိတ်ကူးချိုချိုအနုပညာ

# ကမ္ဘာကြီးကိုချောက်ထဲတွန်းချခဲ့သူ
# အဒေါ့ဖ်ဟစ်တလာ

ဇင်မျိုး-မြန်မာပြန်

mgyoe.com



ZM0002

1,200.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

၈၀၈·၈၃

ကမ္ဘာကြီးကိုချောက်ထဲတွန်းချခဲ့သူအဒေါ့ဖ်ဟစ်တလာ
ဇင်မျိုး -ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၁၀၇၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ကမ္ဘာကြီးကိုချောက်ထဲတွန်းချခဲ့သူအဒေါ့ဖ်ဟစ်တလာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကြီးကို ခြောက်ထဲတွန်းချခဲ့သူ အဒေါ့ဖ်ဟစ်တလာ

## ခင်မျိုး

မြန်မာပြန်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


| | | | |
|---|---|---|---|
| – | မိတ်ဆက် | ...... | က |
| ၁။ | ဒေါ်သကြီးသောလူငယ် | ...... | ၁ |
| ၂။ | ကျောင်းထွက်ခြင်း | ...... | ၄ |
| ၃။ | စစ်သားဘဝ | ...... | ၇ |
| ၄။ | နာဇီတစ္ဆေ | ...... | ၁၂ |
| ၅။ | ကျွန်ုပ်၏ ကြိုးပမ်းမှု | ...... | ၂၀ |
| ၆။ | ပြန်လည်စတင်ခြင်း | ...... | ၂၅ |
| ၇။ | မီးတောက်တွေ တလူလူ | ...... | ၃၂ |
| ၈။ | ကျောချမ်းဖွယ်မြင်ကွင်း | ...... | ၃၉ |
| ၉။ | တစ်ဖန်ချီတက်ခြင်း | ...... | ၄၆ |
| ၁၀။ | ပွဲဦးထွက်အောင်ပွဲများ | ...... | ၅၀ |
| ၁၁။ | ငရဲဖြစ်မည် | ...... | ၅၅ |


mgyoe.com

mgyoe.com

၁၂။ လျှပ်တစ်ပြက်ထိုးစစ် ..... ၆၇
၁၃။ ဗြိတိန်တိုက်ပွဲ ..... ၇၆
၁၄။ အရှေ့ဘက်ကတိုက်ပွဲ ..... ၈၁
၁၅။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ..... ၈၆
၁၆။ အလှည့်အပြောင်း ..... ၉၂
၁၇။ အိပ်မက်ဆိုးတစ်ခု၏ နိဂုံး ..... ၉၉
— နိဂုံး ..... ၁၀၄

□

mgyoe.com


mgyoe.com

# ကမ္ဘာကြီးကို ချောက်ထဲတွန်းချခဲ့သူ
# အဒေါ့ဖ်ဟစ်တလာ

ဇင်မျိုး

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

# A WICKED WEB

A look at the allies and enemies of Adolf Hitler.




mgyoe.com

mgyoe.com

# World Leaders

**BENITO MUSSOLINI**
leader of Italy, 1922-1943

**KURT SCHUSCHNIGG**
chancellor of Austria,
1934-1938

**NEVILLE CHAMBERLAIN**
P prime minister of Great Britain,
1937-1940

**E`DoUARD DALADIER**
prime minister of France in,
1933-1934, and 1938-1940

**FRANKLIN D.ROOSEVELT**
president of the United States,
1933-1945

**JOSEPH STALIN**
leader of the Soviet Union,
1925-1953

**WINSTON CHURCHI**
prime minister of Great Britain,
1940-1945 and 1951-1955

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မိတ်ဆက်

**၁၉၄၅၊ ဧပြီ ၁၂၊ ဘူချင်ဝါးလ်၊ ဂျာမနီ**

အားလုံးကို ပြင်ပြီးပြီဟု အက်ဒွပ်မာရိုးထင်သည်။ သူသည် အမေရိကန်က ရေဒီယိုနားသောတရှင်များကို ဒုတိယကမ္ဘာစစ်သတင်းများ ပေးပို့ခဲ့သည်မှာ ငါးနှစ်ခွဲပင် ရှိခဲ့ပေပြီ။ ဗုံးဒဏ်ကြောင့် အစိတ်စိတ်အမွှာမွှာဖြစ်နေသော မြို့ကြီးများကိုလည်းကောင်း၊ စစ်သားအသေများ တန်းစီထားသော လမ်းမများကိုလည်းကောင်း သူမြင်တွေ့ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဘူချင်ဝါးလ် အနိဋ္ဌာရုံများအတွက်မူ သူသည် ကြိုတင်ပြင်ဆင်ထားရခြင်း မရှိသေးပေ။

စစ်၏ နောက်ဆုံးရက်များတွင် မာရိုးသည် နာဇီဂျာမနီသို့ အမေရိကန်စစ်သားများနှင့်အတူ လိုက်သွားခဲ့ရာ ယင်းတွင် သမိုင်း၏ နာမည် အကြီးဆုံး ရာဇဝတ်မှုကြီးကို မျက်ဝါးထင်ထင် မြင်ရလေတော့၏။ သံဆူးကြိုးဝိုင်းကြီး ထဲတွင် ဘူချင်ဝါးလ်ရှိသည်။ ဘူချင်ဝါးလ်သည် နာဇီအစိုးရ၏ သားကောင်များကို အကျဉ်းချထားသော ကြီးမားသည့် အကျဉ်းစခန်း တစ်ခုမျှသာ ဖြစ်ပါသည်။ ထိုအကျဉ်းစခန်းကြီးများထဲတွင် နာဇီအစောင့် တပ်ဖွဲ့များသည် ဂျူးလူမျိုးခြောက်သန်းခန့်ကို စနစ်တကျ သတ်ဖြတ်ခဲ့သည်။ ထိုသတ်ဖြတ်မှုကို ယနေ့တွင် Holocaust (အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း) ဟုခေါ်သည်။

mgyoe.com

mgyoe.com



အကျဉ်းစခန်းများတွင်း အနည်းဆုံး နောက်ထပ် လူငါးသန်းလည်း သတ်ဖြတ်ခြင်း ခံခဲ့ရရာ ထိုအသတ်ခံရသူများထဲတွင် ရိုမာများ၊ မိန်းမလျာများ၊ ယေဟောဝါ၏ သက်သေများ၊ နိုင်ငံရေးအကျဉ်းသားများ၊ စစ်အကျဉ်းသားများနှင့် နာဇီရန်သူဟု သတ်မှတ်ခံရသည့် အခြားသူများလည်း ပါဝင်လေသည်။

အကျဉ်းစခန်း၏ ပင်မဂိတ်ပေါက်ဝသို့ မာရိုး လှမ်းဝင်လာစဉ် ငေါက်ပြတ်နေသော အကျဉ်းသားများသည် သူ့ဘေးနားတွင် ဝိုင်းနေသည်။ 'အမျိုးသားကြီးတွေ ချာတိတ်တွေဟာ ကျွန်တော့်ကို လှမ်းတို့ကြတယ်။ သူတို့ဟာ စုတ်စုတ်ပြတ်ပြတ် ဝတ်စားထားပြီး ယူနီဖောင်းအတိုအစတွေနဲ့ ချုပ်ထားတဲ့ အဝတ်အစားကို ဝတ်ဆင်ထားကြတယ်ဟု မာရိုးက သူ၏ ရေဒီယိုသတင်းတွင် အစီရင်ခံထားသည်။

'သူတို့အားလုံးရဲ့အပေါ်မှာ မရဏတံဆိပ် ခတ်နှိပ်ထားပြီးပြီ'၊ အချို့က ရောဂါကြောင့် သေကြတော့မည်။ အချို့က သည်နေ့နှောင်းပိုင်း လောက်မှာပင် အစာငတ်၍ သေကြတော့မည်။

မာရိုးက အသက်ရှင်သူတစ်ဦးအား အကျဉ်းစခန်းကို လိုက်ပြခိုင်းသည်။ တွေး၍ပင် မရနိုင်သော ဒုက္ခလက္ခဏာများသည်ကား နေရာတိုင်းတွင် ရှိနေကြပါတကား။ အကျဉ်းသားများမှာ သေနတ်ဖြင့် အပစ်ခံထားကြရ၏။ အရိုက်နှက်ခံထားကြရ၏။ ကျာပွတ်ဖြင့် အရိုက်ခံထားကြရ၏။ ကြိုးဖြင့် တွဲလောင်းဆွဲခံထားကြရ၏။ အခြားသူတို့သည် ငေါက်ပြတ်နေကြပြီး သေအောင် အလုပ်လုပ်နေကြရ၏။ စစ်တန်းလျားများသည် လူသေနံ့များ၊ အညစ်အကြေးနံ့များဖြင့် နံဟောင်လျက်ရှိ၏။ အစာငတ်နေသော ကလေးများသည် စုပြုံတိုးဝှေ့နေကြ၏။ သူတို့၏ နံရိုးများကို ရှပ်အင်္ကျီပါးပါးထဲကနေ ထွင်းဖောက်မြင်နေရသည်။ ခြံဝင်းတစ်ခုထဲတွင် လူသေအလောင်းပုံကြီးနှစ်ပုံကို မာရိုး မြင်ရသည်။ ကိုယ်လုံးတီး အမျိုးသားများ၊ ကောင်လေးများ ရာချီ၍သေနေသော အလောင်းပုံကြီးနှစ်ပုံမှာ ကြိုးမျှင်များ စုပုံထား

mgyoe.com

mgyoe.com



သကဲ့သို့ ဖြစ်နေသည်။

ဘူချင်ဝါးလ်အကျဉ်းစခန်း လွတ်မြောက်မှုရရှိပြီး မကြာခင်မှာပင် လူတစ်ယောက်သည် စခန်း၏ ကြိုးစင်တစ်ခုတွင် လူ့အရွယ်အစားရှိသော ရုပ်ပုံကို ချိတ်ဆွဲလိုက်လေသည်။ ဤရုပ်ပုံမှာ နာဇီဂျာမနီ၏ အကြွင်းမဲ့ ခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာ၏ ပုံတူပင်တည်း။ လည်ပင်းမှ တွဲလဲ ဆွဲထားသော ရုပ်ပုံမှာ အေးမြသော နွေဦးလေပြေတွင် လှုပ်ယမ်းနေသည်။ ရုပ်ပုံ၏နောက်ကျောတွင် 'ဂျာမနီရှင်သန်ရန် ဟစ်တလာသေရမည်' ဟူသော စာသားကို ဆေးအဖြူဖြင့် ကရော်ကမည် ရေးထားသည်။

လူတချို့ကသာ ဤသဘောထားကို ငြင်းခုံကြပါလိမ့်မည်။ အဒေါ့ဖ် ဟစ်တလာသည် ၁၉၃၃ မှစ၍ ဂျာမနီကို တင်းတင်းကြပ်ကြပ် အုပ်ချုပ်ခဲ့ သူဖြစ်သည်။ သူသည် လူမျိုးရေးမုန်းတီးမှု၊ ကြောက်စရာကောင်းသော လက်စားချေရေးအတွေးအခေါ်တို့ ကိုင်စွဲကာ အာဏာရလာသူ ဖြစ်ပါ သည်။ သူ့အမိန့်များသည် ဘူချင်ဝါးလ်နှင့် အခြားသော အကျဉ်းစခန်းများ ကို ပေါ်ပေါက်စေခဲ့ပြီး ထိုအကျဉ်းစခန်းတို့တွင် ဒုက္ခသည်များနှင့် ပြည့် နှက်စေခဲ့ပါသည်။ သူ၏ အောင်နိုင်ရေး အိပ်မက်များက ကမ္ဘာစစ်ကြီးများ ကို ပေါ်ပေါက်စေခဲ့ပြီး ထိုစစ်ပွဲကြီး အဆုံးသတ်စေရန် အမေရိကန်စစ်သား များနှင့် အခြားသော မဟာမိတ်များက ကြိုးစားခဲ့ကြရ၏။

မာရိုးသည် သူ၏ ထိတ်လန့်ဖွယ်ခရီးကို အဆုံးသတ်လိုက်ချိန်ဝယ် ဟစ်တလာမှာ သူ့ဘဝ၏ နောက်ဆုံးနေ့များကို ကြိမ်းမောင်းဟိန်းဟောက် ရင်း ကုန်ဆုံးခဲ့ရသည်။ သို့ရာတွင် ဤအာဏာရှင်ကြီး ပွင့်အန်ထုတ်လိုက် သည့် အဖျက်စွမ်းအားသည် မျိုးဆက်ချီ၍ ကျန်ရစ်စေမည်ဖြစ်ပြီး ဤ အဖျက်အမှောင့်လုပ်ရပ်ကြီးကို လူသန်းပေါင်းများစွာ နားလည်ရခက်ခဲစေခဲ့ ပါ၏။

မာရိုးသည် အောက်ပါအတွေးစကားများဖြင့် ဘူချင်ဝါးလ်ကနေ သူ၏ ရေဒီယိုထုတ်လွှင့်မှုကို အဆုံးသတ်ခဲ့ပါ၏။ 'ဘူချင်ဝါးလ်အကြောင်း

mgyoe.com

mgyoe.com



ကျွန်တော်ပြောခဲ့တာတွေကို ယုံပါလို့ ဆုတောင်းမိပါတယ်။ ကျွန်တော်မြင်တာ၊ ကျွန်တော်ကြားတာတွေကို သတင်းပို့ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ အစိတ်အပိုင်းတစ်ခုလောက်ပဲ ရှိပါသေးတယ်။ ကျွန်တော်မြင်တာ၊ ကြားတာတွေရဲ့ အများစုကတော့ စကားလုံးနဲ့ ဖော်ပြလို့တောင် မရတာတွေ ဖြစ်နေပါတယ်' ဟု သူက ဆိုခဲ့သည်။



ဘူချင်ဝါးလ်အကျဉ်းစခန်းမှာ အဖမ်းခံထားရတဲ့ အမေရိကန်တပ်သားအချို့အား ၁၉၄၅ ဧပြီ ၁၆ ရက်နေ့က တွေ့မြင်ရပုံ။ အိပ်စင်ဒုတိယထပ် ဘယ်ဘက်သတ္တမမြောက်မှာ နောင်တွင် နာဇီအတွေ့အကြုံများရေးသားခဲ့သူ ၁၆ နှစ်ရွယ် အီလိုင်ဝီဆယ်ဆိုသူဖြစ်။

mgyoe.com

mgyoe.com

# အခန်း (၁)
# ဒေါသကြီးသော လူငယ်

အဒေါ့ဖ်ဟစ်တလာကို ၁၈၈၉ ခုနှစ် ဧပြီ ၂၀ ရက်နေ့တွင် မွေးသည်။ ဂျာမနီကို လွှမ်းမိုးခဲ့သည်ဆိုသော်လည်း သူ့ကို မွေးဖွားရာဇာတိမှာ ဂျာမနီ၏ အရှေ့နှင့် တောင်ပိုင်းနယ်စပ်က ဩစတြီးယား–ဟန်ဂေရီ အင်ပါရာဖြစ်ပါသည်။

အဒေါ့ဖ်သည် ဘရော်နော့အမ်းအင်းဆိုသော မြို့လေးတွင် ကြီးပြင်းသည်။ သူ့မိခင် ကလာရာမှာ မွေးကတည်းက သူ့အပေါ် အပြစ်မမြင်ဘဲ အချစ်ဝင်ခဲ့၏။ ရောဂါကြောင့် ကလေးသုံးယောက် ဆုံးရှုံးထားရသော ကလာရာမှာ သူ၏ စတုတ္ထမြောက်ကလေးကို အသက်ရှင်စေချင်စိတ် ပြင်းထန်ခဲ့လေသည်။ အမေ၏ အချစ်တော်ဟု နောက်ပိုင်းတွင် ဟစ်တလာက သူ့ကိုယ်သူ ဝင့်ကြွားခဲ့လေသည်။

အဒေါ့ဖ်၏ ကလေးဘဝမှာ ဖခင်နှင့် ကတောက်ကဆဖြစ်ခဲ့တာတွေပဲ လွှမ်းမိုးထားသည်။ အလွိုက်ဟစ်တလာမှာ ဩစတြီးယားသို့ ကုန်စည်များ အဝင်အထွက်ကို စစ်ဆေးရသည့် အကောက်ခွန်ဝန်ထမ်းဖြစ်သည်။ သူသည် အဒေါ့ဖ်ကို သူ့ခြေရာနင်းစေချင်ပြီး အစိုးရထံတွင် အလုပ်လုပ်စေလို

mgyoe.com

mgyoe.com


ခဲ့၏။ ဖခင်၏အကြံကို အဒေါ့ဖ်က ဆန့်ကျင်သည်။ သူတို့နှစ်ဦး၏ ရန်စမှာ အလွိုက်ဟစ်တလာ ရုတ်တရက် သေဆုံးခဲ့သည့် ၁၉၀၃ ခုနှစ်အထိ ရှိနေခဲ့၏။

အသက် ၁၅ နှစ်အရွယ်လောက်တွင် အဒေါ့ဖ်မှာ စာသင်ကျောင်းတွင် ဘာသာရပ်အတော်များများ စာမေးပွဲကျသည်။ ဆရာများက သူ့ကို စိတ်ပျက်လျက်ရှိသည်။ ဆရာတစ်ယောက်က သူ့ကို 'ခေါင်းမာသူ' 'ဒေါသထွက်လွယ်' ဟု ဆိုသည်။

ဟစ်တလာသည် ဂျာမန်မျိုးချစ်စိတ်ပြင်းထန်သူ ဒေါက်တာ လီယိုနတ်ပိုအတ်ချ်မှလွဲ၍ သူ၏ ဆရာအားလုံးကို မုန်းသည်။ ထိုအချိန်တုန်းက ဩစတြီးယားဟန်ဂေရီ တစ်စိတ်တစ်ပိုင်းကို ဂျာမန်စကားပြောသော လူမျိုးများက လွှမ်းမိုးထားသည်။ ထိုနယ်မြေအားလုံးသည် ဂျာမနီနှင့် ပေါင်းစည်းသင့်သည်ဟု ပိုအတ်ချ်က ပြောသည်။

ပိုအတ်ချ်သည် ဟစ်တလာကို အော်တိုဗွန်ဘစ်စမတ်အကြောင်း သင်ပေးသည်။ ဘစ်စမတ်သည် စစ်ပွဲများစွာကို ဦးဆောင်တိုက်ခိုက်ခဲ့သူ၊ စစ်ပွဲများစွာကို အောင်နိုင်ခဲ့သူ ဂျာမနီအဓိပတိဖြစ်သည်။ 'ကနေ့ ကြီးမားတဲ့ ပြဿနာကြီးတွေကို မိန့်ခွန်းတွေ၊ ကြီးမားတဲ့ ဆုံးဖြတ်ချက်ကြီးတွေက အဆုံးအဖြတ်ပေးမှာသာမက သံနဲ့သွေးကပါ အဆုံးအဖြတ်ပေးလိမ့်မယ်' ဟု တစ်ခါက သူပြောလေသည်။

ဤစကားမှာ ဟစ်တလာမမေ့နိုင်သော သင်ခန်းစာပင်တည်း။

❐

mgyoe.com

mgyoe.com


# ဂျာမန်မျိုးချစ်ဝါဒ

ဟစ်တလာမမွေးခင် ဆယ်စုနှစ်နှစ်ခုလောက်တွင် ဂျာမနီသည် နိုင်ငံတစ်ခုအဖြစ် ရပ်တည်ခြင်းမရှိသေးပေ။ ဂျာမန်စကားပြောသူများသည် ဥရောပအလယ်ပိုင်းက သေးငယ်လွတ်လပ်သော ပြည်နယ် ၃၉ ခုတွင် နေထိုင်ကြသည်။ သို့ရာတွင် စုစည်းညီညွတ်သော နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည်ဆိုလျှင် ကျန်သောဥရောပကို လွှမ်းမိုးနိုင်လောက်အောင် အင်အားကြီးထွားလာမည်ဟု ဂျာမန်အများစုက ယုံကြည်ကြသည်။

ဂျာမန်မျိုးချစ်များဟုခေါ်သည့် ထိုလူများက ၁၈၇၁ တွင် သူတို့၏ စိတ်ကူးကို အကောင်အထည်ဖော်တော့သည်။ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမား အော်တိုဗွန်ဘစ်စမတ့်က သန်း ၄၀ ရှိသော ဂျာမန်များကို ဂျာမန်အင်ပါယာသစ်သို့ စုစည်းစေခဲ့သည်။

သို့ရာတွင် ဘစ်စမတ့်က ဂျာမန်ပြည်သူများကို တစ်စုတစ်စည်းတည်း ဖြစ်အောင် ကြိုးပမ်းခဲ့သော်လည်း ဂျာမန်စကားပြောတတ်သော လူသန်းပေါင်းများစွာသည် ဩစတြီးယား-ဟန်ဂေရီအင်ပါယာတွင် တကွဲတပြား နေထိုင်လျက်ပင်ရှိသည်။ ဟစ်တလာ၏ဆရာ ဒေါက်တာပိုအတ်ချ်ကဲ့သို့သော ဂျာမန်တိုင်းရင်းသား အများစုကမူ ဂျာမန်အားလုံးသည် နိုင်ငံတစ်ခုတည်းတွင် အတူတကွ နေထိုင်သင့်သည်ဟု ယုံကြည်သည်။ ဂျာမန်တိုင်းရင်းသားများမှာ ကမ္ဘာပေါ်က တခြားလူမျိုးများထက် လူမျိုးရေးအရ ပိုမိုသာလွန်သည်ဟု ဂျာမန်အများစုက သက်ဝင်ယုံကြည်လာသည်။ အရွယ်ရောက်လာသည့်အခါ အဒေါ့ဖ်ဟစ်တလာသည် ဂျာမန်မျိုးချစ်ဝါဒကို တစ်ယူသန်ယုံကြည်သူအဖြစ် ပြောင်းလဲလာသည်။



အော်တိုဗွန်ဘစ်စမတ့်

mgyoe.com

mgyoe.com

# အခန်း (၂)

## ကျောင်းထွက်ခြင်း

အသက် (၁၆) နှစ်အရွယ်တွင် အဒေါ့ဖ်ဟစ်တလာသည် ကျောင်းထွက်လိုက်သည်။ သူသည် ရှေ့လာမည့် နှစ်နှစ်တွင် အိမ်မှာနေရင်း ပန်းချီဆွဲခြင်း၊ ပြဇာတ်ကြည့်ခြင်း၊ အချိန်ဖြုန်းခြင်းဖြင့်သာ ကုန်လွန်စေခဲ့၏။ ထိုရက်များသည် ဘဝတွင် အပျော်ဆုံးအချိန်များပါဟု နောက်ပိုင်းတွင် သူက ထုတ်ဖော်ပြောဆိုခဲ့၏။ ရင်သားကင်ဆာဖြင့် ကလာရာဟစ်တလာ ကွယ်လွန်သည့် ၁၉၀၇ ဒီဇင်ဘာလတွင် ထိုပျော်စရာအချိန်များ ကုန်ဆုံးသွားတော့၏။

မိခင်ကွယ်လွန်ခဲ့ပြီးနောက် ဟစ်တလာသည် ဩစတြီးယားနိုင်ငံ ဗီယင်နာသို့ ပြောင်းရွှေ့ခဲ့သည်။ ဗီယင်နာတွင် နာမည်ကြီးပန်းချီဆရာဖြစ်ရန် ကြိုးစားလေသည်။ ဗီယင်နာမြို့က သုခုမအနုပညာကျောင်းတွင် ပညာသင်ရန် လျှောက်ထားလိုက်သည်။ ပန်းချီကျောင်းက သူ့ကို ဝင်ခွင့် ပယ်ချလိုက်၍ သူသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ခဲ့ရ၏။ 'တစ်ကျောင်းလုံးကို ဖောက်ခွဲပစ်သင့်တယ်' ဟု သူက သူငယ်ချင်းတစ်ဦးကို ပြင်းပြင်းထန်ထန် ပြောခဲ့လေသည်။

mgyoe.com

mgyoe.com


၁၉၀၉ ခုနှစ် ဆောင်းဦးလောက်တွင် ဟာစ်တလာ၌ မိခင်ထားခဲ့သော ငွေများ ကုန်သွားပြီဖြစ်သည်။ သူနေသောတိုက်ခန်းကို သူစွန့်ခွာခဲ့ရလေသည်။ ခန္ဓာကိုယ်အလေးချိန် ကျသွားသည်။ ဆံပင်နှင့် မုတ်ဆိတ်မွေးများသည် ထိုးထိုးထောင်ထောင်ဖြစ်လာသည်။ နေ့ဘက်တွင် လျှောက်သွားနေပြီး ညဘက်တွင် အိမ်ခြေရာမဲ့တို့၏ ခိုလှုံရာနေရာတွင်လည်းကောင်း၊ ပန်းခြံသို့မဟုတ် တံခါးပေါက်ဝများတွင်လည်းကောင်း အိပ်ရလေသည်။

ဟာစ်တလာသည် ပုံမှန်အလုပ်တစ်ခုလုပ်ရန် ငြင်းဆန်နေဆဲပင် ဖြစ်သည်။ ပန်းချီကားလေးများ ရောင်းချရသော ငွေဖြင့် စားနိုင်သောက်နိုင်ရုံမျှသာ နေထိုင်နေလေသည်။ သို့ရာတွင် သူ့အကြိုက်ဆုံး အနားယူချိန်မှာ နိုင်ငံရေးအကြောင်း ငြင်းခုံနေခြင်းပင်တည်း။ သူ့ပြိုင်ဘက်များကို 'သောက်ရူး' များဟုပြောကာ အငြင်းအခုံကို အဆုံးသတ်လေ့ရှိသည်။

ဗီယင်နာမြို့တွင် ဟာစ်တလာသည် သူ၏ အတောမသတ်သော ဒေါသကို ရှာတွေ့ခဲ့၏။ မြို့တော်မှာ ကြီးမားလှပြီး ဂျူးလူဦးရေ ထူထပ်လှပေ၏။ ဂျူးကုန်သည်များ၊ ဂျူးစီးပွားရေးလုပ်ငန်းပိုင်ရှင်များသည် မြို့တော်၏ အားကောင်းသော စီးပွားရေးအတွက် အဓိကကျပေသည်။ ဗီယင်နာမြို့က ဆရာဝန်၊ ရှေ့နေတစ်ဝက်ကျော်မှာ ဂျူးလူမျိုးများဖြစ်သည်။ ကမ္ဘာကျော် ဂီတပညာရှင်များနှင့် ကမ္ဘာကျော်စာရေးဆရာများကို ဂျူးလူ့အဖွဲ့အစည်းက မွေးထုတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် ဂျူးများသည် ဥရောပမြို့ကြီးများတွင် ရာစုနှစ်ပေါင်းများစွာအထိ မနာလိုဝန်တိုမှု၊ သံသယရှိမှုတို့ဖြင့် ပြုမူဆက်ဆံခံခဲ့ကြရသည်။ ဗီယင်နာမြို့တွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ဂျူးဆန့်ကျင်ရေးလှိုင်းလုံးသို့မဟုတ် ဂျူးမုန်းတီးရေးလှိုင်းလုံးသည် မြို့တော်တွင် ပျံ့နှံ့လျက်ရှိသည်။ ဗီယင်နာမြို့ကြီးကို ဂျူးများက သိမ်းပိုက်ထားသည်ဟု နာမည်ကြီးမဂ္ဂဇင်းများက အခိုင်အမာဆိုကြသည်။ ဗီယင်နာမြို့၏ စီးပွားရေးကို ဂျူးဘဏ်လုပ်ငန်းရှင်များက ထိန်းချုပ်ထားသည်ဟု ဗီယင်နာမြို့တော်ဝန်က စွပ်စွဲ

mgyoe.com

mgyoe.com

သည်။

ဟစ်တလာသည် မြို့တော်၏ ဂျူးဆန့်ကျင်ရေးလှုပ်ရှားမှုထဲသို့ တည့်တည့် လှမ်းဝင်လိုက်သည်။ မြို့တော်၏ ရာဇဝတ်မှုနှုန်း မြင့်မားလာခြင်းမှာ ဂျူးများကြောင့်ဖြစ်ကြောင်း သူက အပြစ်တင်သည်။ ဂျူးများသည် အနုပညာနှင့် ဂီတလောကများကို ထိန်းချုပ်ထားသည်ဟု သူက ဆင်ခြေပေးသည်။ 'ရောက်လေရာနေရာတိုင်းမှာ အခုဆိုရင် ဂျူးတွေကိုပဲ ကျွန်တော်မြင်တယ်။ သူတို့ကို ပိုမြင်ရလေလေ သူတို့ဟာ ကျွန်တော့်မျက်လုံးထဲမှာ ကျန်လူတွေနဲ့ ပိုမိုကွာခြားလေပဲ' ဟု ဟစ်တလာက နောက်ပိုင်းတွင် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ရေးခဲ့သည်။

ဗီယင်နာသည် 'ကျွန်ုပ်ဘဝ၏ အကြမ်းတမ်းဆုံးနှင့် အပြည့်စုံဆုံးသော စာသင်ကျောင်းကြီးပါ' ဟု ဟစ်တလာက နောက်ပိုင်းတွင် ပြောခဲ့သည်။ ၁၉၁၃ ခုနှစ် မေလတွင် သူသည် ကောင်းကျိုးကို ရှေးရှု၍ မြို့မှ ထွက်လာရန် ဆုံးဖြတ်လိုက်သည်။ ပစ္စည်းစုံပါသော အိတ်သေးသေးလေးကို ထုပ်ပိုးလျက် ဂျာမနီနိုင်ငံ မြူးနစ်မြို့တော်သို့ ပြောင်းရွှေ့လာခဲ့သည်။ ဟစ်တလာသည် ဂျာမနီစစ်စစ်များရှိရာ တစ်နေရာရာတွင် နေထိုင်ချင်ပေသည်။ သူသည် စိတ်ပျက်လက်ပျက် မဖြစ်ချင်ပေ။

'မြို့ကြီးရဲ့ တံတိုင်းတွေထဲမှာ နှစ်ပေါင်းများစွာ နေဖူးသလို ဒီမြို့က ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်နေပါတယ်' ဟု နောက်ပိုင်းတွင် သူက ရေးသားခဲ့လေသည်။

□

mgyoe.com

mgyoe.com

# အခန်း (၃)
# စစ်သားဘဝ

မြူးနစ်လမ်းများပေါ်မှ ကောင်းချီးသြဘာသံကြီး ထွက်ပေါ်လာသည်။ ၁၉၁၄ ခုနှစ် ဩဂုတ် ၂ ရက်နေ့တွင် ဂျာမန်လူမျိုး ထောင်ပေါင်းများစွာသည် ပထမကမ္ဘာစစ်ကြီး စတင်မှုကို အောင်ပွဲခံရန် မြို့လယ်ရင်ပြင်သို့ စုပြုံရောက်ရှိလာကြသည်။ ပျော်ရွှင်နေသော လူအုပ်ကြီးထဲတွင် (၂၅) နှစ်အရွယ် အဒေါ့ဖ်ဟစ်တလာလည်း ပါဝင်လာသည်။

အစောပိုင်းတစ်လတွင် လုပ်ကြံသတ်ဖြတ်သူတစ်ဦးက သြစတြီးယား-ဟန်ဂေရီ အင်ပါယာ၏ နန်းမွေဆက်ခံမည့်သူကို သေနတ်ဖြင့်ပစ်သတ်ခဲ့လေသည်။ လူသတ်သမားသည် ဥရောပတိုက်တစ်လွှား တငွေ့ငွေ့လောင်ကျွမ်းနေသော ရန်လိုမှုများကို မီးညှိပေးလိုက်ခြင်းပင် ဖြစ်သည်။ ဥရောပအင်အားကြီးနိုင်ငံများသည် တစ်နိုင်ငံပြီးတစ်နိုင်ငံ သူ့ဘက်ပါကိုယ့်ဘက်ပါဖြစ်ပြီး စစ်ပွဲနွှဲကြတော့သည်။ တစ်ဖက်တွင် ဂျာမနီ၊ သြစတြီးယား-ဟန်ဂေရီတို့ပါသော ဗဟိုအင်အားကြီးနိုင်ငံများနှင့် အော်တိုမင်အင်ပါယာပါဝင်သည်။ အခြားတစ်ဖက်တွင် မဟာမိတ်သုံးနိုင်ငံဟုခေါ်သော ဂရိတ်ဗြိတိန်၊ ပြင်သစ်နှင့် ရုရှားတို့ ပါဝင်သည်။ (အမေရိကန်ပြည်ထောင်


mgyoe.com

mgyoe.com


စုသည် နောက်ပိုင်းတွင် မဟာမိတ်များဘက်က ပါလာသည်။)

ဟစ်တလာသည် ဂျာမနီစစ်တပ်အတွက် စေတနာ့ဝန်ထမ်းအဖြစ် စစ်မှုထမ်းရန် ချက်ချင်းစာရင်းပေးလိုက်သည်။ ဂျာမနီမျိုးချစ်တစ်ဦးအနေဖြင့် သူသည် တစ်ယူသန်မေတ္တာဖြင့် တာဝန်သစ်ကို ထမ်းဆောင်မည်ဖြစ်ပါသည်။ 'ဒူးထောက်ချလိုက်ပြီး ကောင်းကင်ဘုံကို ကျေးဇူးတင်စကားဆိုခဲ့ပါတယ်' ဟု နောက်ပိုင်းတွင် သူက ရေးခဲ့လေသည်။

ဩဂုတ် ၁၆ ရက်နေ့တွင် ဂျာမနီစစ်တပ်သည် ဘယ်လ်ဂျီယံနှင့် ပြင်သစ်နယ်စပ်တွင် တိုက်ပွဲများ ဆင်နွှဲနေပြီဖြစ်ပါသည်။ နယ်စပ်တိုက်ပွဲ



ဂျာမနီတို့ စစ်ကြေညာပြီးနောက် ၁၉၁၄ ဩဂုတ် ၂ ရက်နေ့က မြူးနစ်မှာ တွေ့ရတဲ့ အောင်ပွဲခံ ဟစ်တလာ (စက်ဝိုင်းထဲမှ) နဲ့ လူထုများ။

mgyoe.com

mgyoe.com


များ ဆင်နွှဲနေခိုက် ဟစ်တလာသည် တာဝန်ထမ်းဆောင်မြို့နယ်သို့ အကြောင်းကြားရသည်။ နောက်လာမည့် လေးနှစ်ကျော်ကာလအတွင်း ပြင်းထန်သော ပြင်သစ်နယ်စပ်တိုက်ပွဲ တစ်ဒါဇင်ကျော်လောက်တွင် သူ ပါဝင်တိုက်ခိုက်ရပေလိမ့်မည်။ သူပါဝင်သော တပ်ရင်းသည် လူပေါင်း ၃၇၅၄ ဦး အသက်ဆုံးရှုံးသွားသည်။ သို့တိုင် ဟစ်တလာမှာ တစ်နည်းနည်းဖြင့် အသက်ရှင်နေခဲ့ပါ၏။

၁၉၁၈ ခုနှစ် အောက်တိုဘာ ၁၃ ညတွင် ဟစ်တလာတိုက်ပွဲဝင်ရခြင်းသည် အဆုံးသတ်ခဲ့ရ၏။ အကြောင်းမှာ အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခြင်းခံရသဖြင့် သူ့မျက်လုံး ယာယီကွယ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ မျက်လုံးပြန်ကောင်းလာချိန်တွင် ဂျာမနီ စစ်ရှုံးသွားကြောင်း သူ့အား သင်းအုပ်ဆရာက ပြောလေသည်။ ဒေါသထွက်နေသော သင်္ဘောသားများ၊ စစ်သားများ၊ အလုပ်သမားများသည် လမ်းပေါ်တွင် ရန်းရင်းဆန်ခတ်ဖြစ်နေကြပြီး ကေရာဇ်ဆင်းပေးရန် တောင်းဆိုကြသည်။ ဒီမိုကရေစီနှင့် အလုပ်သမားအခွင့်အရေးများ ပေးမည်ဟု ကြွေးကြော်လျက် အလယ်အလတ် ဆိုရှယ်ဒီမိုကရက်တစ်ပါတီက နိုင်ငံတော်အာဏာကို လွှဲပြောင်းယူလိုက်သည်။ နိုဝင်ဘာ ၁၁ ရက်နေ့တွင် အစိုးရသစ်သည် စစ်ပွဲအဆုံးသတ်စေမည့် စစ်ဆိုင်းရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ နိုဝင်ဘာလကုန်ပိုင်းတွင် ဂျာမနီ၏ စစ်ရှုံးဘက် မဟာမိတ် ဩစတြီးယား–ဟန်ဂေရီအင်ပါယာသည် နိုင်ငံများ ကွဲထွက်သွားသည်။

ဂျာမနီစစ်ရှုံးကြောင်းသတင်းကို ကြားရပြီးနောက် ဟစ်တလာသည် ဂျာမနီ၏အရှုံးကို တမြုံ့မြုံ့တွေးရင်း အိပ်မပျော်သောညများ ရှိလာခဲ့၏။ ဒေါသထွက်နေသော ဂျာမနီပြည်သူများကဲ့သို့ပင် ဂျာမနီသည် လက်နက်ချ အရှုံးမပေးသင့်ကြောင်း သူ့ကိုယ်သူ ပြောနေမိသည်။ 'အရူးတွေ၊ လူလိမ်တွေ၊ ရာဇဝတ်သားတွေသာ ရန်သူ့သနားတာကို မျှော်လင့်ကြတယ်' ဟု သူရေးသည်။ 'အဲဒီ အိပ်မရတဲ့ညတွေမှာ ကျွန်တော့်မှာ အမုန်းတရားတွေ

mgyoe.com

mgyoe.com


ကြီးထွားလာတယ်၊ ဒီလုပ်ရပ်အတွက် တာဝန်ရှိသူတွေကိုလည်း မုန်းတယ်' ဟု ရေးခဲ့လေသည်။

စစ်ရှုံးသည့်အတွက် 'နိုဝင်ဘာရာဇဝတ်ကောင်များ' ဟု သူခေါ်သည့် အုပ်စုကို သူက အပြစ်တင်သည်။ ဆိုရှယ်ဒီမိုကရက်များက အဓိက အပြစ်ကျူးလွန်သူများဟု သူထင်သည်။ သို့ရာတွင် သူ့ဒေါသက နိုင်ငံရေးပါတီကို ရည်ရွယ်ရုံသက်သက်မျှ မဟုတ်ပေ။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို အလွန့်အလွန် မုန်းတီးတာထက်ကို ပိုပါသည်။

ဂျူးဆန့်ကျင်ရေးဝါဒသည် ဟစ်တလာ၏ လောကအမြင်ကို အရောင်ဆိုးစပြုပြီ။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ဂျူးတို့က ထိန်းချုပ်ထားသည်ဟု သူနားလည်ထားသည်။ ဂျူးဘဏ်လုပ်ငန်းရှင်များက စစ်ရေးကြိုးပမ်းမှုများကို အားပေးရန် ပျက်ကွက်သည်ဟု သူက စွပ်စွဲသည်။ သူ၏ ခါးသီးသော စိတ်ကူးတွင်မူ ဂျာမန်အညံ့ခံအရှုံးပေးခြင်းမှာ ဂျာမနီနိုင်ငံတော် အားနည်းသွားအောင် ဂျူးအများစုက လျှို့ဝှက်ကြံစည်ခြင်းသာဖြစ်၍ နိုင်ငံတော်အားနည်းသွားလျှင် အစိုးရကို ဂျူးတို့က ထိန်းချုပ်ရန် စီစဉ်ထားသည်ဟု မြင်သည်။

ဂျာမနီ၏ အရှုံးအတွက် ဟစ်တလာ၏ ရှင်းပြချက်မှာ သံသယလွန်ကဲမှု ဖြစ်နေပြီး မှန်ကန်မှုလည်း မရှိပေ။ ဆိုရှယ်ဒီမိုကရက်များ အာဏာရချိန်တွင် ဂျာမနီစီးပွားရေးမှာ အဆိုးဆုံးအနေအထားကို ရောက်နေသည်။ ဂျာမန်လူမျိုး သန်းပေါင်းများစွာသည် အလုပ်လက်မဲ့ပြဿနာ၊ အစာရေစာပြတ်လပ်သည့် ပြဿနာတို့နှင့် ရင်ဆိုင်နေရသည်။ စီးပွားရေးအကျပ်အတည်းကြောင့် ဂျာမနီသည် အစိုးရကို မည်သူက ထိန်းချုပ်ထားသည်ဖြစ်ပါစေ၊ ငြိမ်းချမ်းရေးကို ဆွေးနွေးရမည်သာ ဖြစ်ပါသည်။

'ဂျူး လျှို့ဝှက်ကြံစည်မှု' မှာ ဟစ်တလာ၏ စိတ်ကူးဖန်တီးချက်တစ်ခုမျှသာ ဖြစ်ပါသည်။ လေးနှစ်ကြာစစ်ပွဲအတွင်းတွင် ဂျာမန်ဂျူးများသည် မျိုးချစ်စိတ်ရှိကြောင်း သက်သေပြခဲ့ကြပြီးဖြစ်သည်။ ဂျာမနီစစ်တပ်

mgyoe.com

mgyoe.com



တွင် ဂျူးတို့က အခြားတိုင်းရင်းသား သို့မဟုတ် အခြားသော ဘာသာရေး အုပ်စုများထက် ပိုမိုများပြားခဲ့ပါသည်။ စစ်ပွဲအပြီးတွင် ကတုတ်ကျင်းများ ထဲဝယ် ဂျူးလူမျိုး ၁၂,၀၀၀ ခန့် သေဆုံးခဲ့ကြသည်။

သို့ရာတွင် ထိုအချက်အလက်များကို ဟစ်တလာအလေးမထားပေ။ သူ့၌ အမုန်းတရားသာရှိသည်။ အနာဂတ်တွင်လည်း သူ့စိတ်သည် အမုန်း တရားကိုသာ စူးစိုက်ထားသည်။ 'နို၀င်ဘာရာဇ၀တ်ကောင်များ' က ဂျာမနီကို စစ်ရှုံးအောင်လုပ်တာဟု သူပြောသည်။ ယခုမူ သူသည် စစ်ရှုံး အောင်လုပ်သူများကို လက်စားချေချင်သည်။ ဆိုရှယ်ဒီမိုကရက်များ၊ ဂျူး များ၊ ငြိမ်းချမ်းရေးမြတ်နိုးသူများကို ရှင်းပစ်ရမည်ဟု သူ သန္နိဋ္ဌာန်ချလိုက် လေသည်။ အငြိုးအတေးကြီးလှသော သူ့အတွေးထဲတွင်ကား သူသည်သာ ဂျာမနီကို အရှုံးကနေ နိုးထစေမည့်သူဟု အတွေးဝင်စပြုပြီဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၄)
# နာဇီတစ္ဆေ

ဂျာမနီနိုင်ငံကြီး ဝရုန်းသုန်းကားဖြစ်အောင် ဟစ်တလာသည် ဆေးရုံမှ ဆင်းလာခဲ့ပြီဖြစ်သည်။ လေးနှစ်ကြာ စစ်ပွဲအပြီးတွင် စီးပွားရေးသည် ဆိုးရွားနေသည်။ ဝေမာသမ္မတနိုင်ငံတော်ဟုခေါ်သော ဒီမိုကရက်တစ် အစိုးရသစ်မှာ ကွန်မြူနစ်နှင့် ကွန်ဆာဗေးတစ်တို့ထံမှ ပြင်းထန်သော အတိုက်အခံနှင့် ရင်ဆိုင်နေရသည်။

အာဏာရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် ရုန်းကန်နေရသော အလုပ်သမားများ၏ လိုအင်ဆန္ဒများကို လျစ်လျူရှုသည်ဟု ကွန်မြူနစ်အုပ်စုများက စွပ်စွဲသည်။ ကွန်မြူနစ်များသည် အကြမ်းဖက်တော်လှန်ရေးနှင့်လျက် ဂျာမနီနိုင်ငံကို ထိန်းချုပ်နေပြီး စီးပွားရေးလုပ်ငန်းအားလုံးကို အစိုးရ၏ လက်အောက်တွင်ထား၍ ဓနကို လူထုအကြား အညီအမျှ ခွဲဝေပေးစေလိုနေသည်။

ကွန်ဆာဗေးတစ်များကမူ ကွန်မြူနစ်များနှင့် ဆိုရှယ်ဒီမိုကရက်တစ်များကို မုန်းသည်။ မဟာမိတ်များထံ လက်နက်ချစေခြင်းကြောင့် အုပ်စုနှစ်စုစလုံးမှာ နိုင်ငံတော်ကို သစ္စာဖောက်သည်ဟု ကွန်ဆာဗေးတစ်များက

mgyoe.com

mgyoe.com


စွပ်စွဲသည်။ သူတို့က ဒီမိုကရေစီစနစ်ကို အပြတ်ရှင်း၍ ကေရာဇ်ကို ပြန်တင်လိုကြသည်။ သို့မှသာ ဂျာမနီသည် စစ်ရှုံး၍ ကျဆင်းခဲ့သော ဂုဏ်သိက္ခာနှင့် အင်အားကို ပြန်လည်ရယူနိုင်မည်ဟု သူတို့က ဆိုသည်။

ကွန်မြူနစ်များနှင့် ကွန်ဆာဗေးတစ်များသည် ဂျာမနီနိုင်ငံကို မိမိတို့၏အမြင်အတိုင်း လုပ်ဆောင်ကြရန် စိတ်အားထက်သန်လျက်ရှိကြသည်။ နှစ်ဖက်စလုံးမှ အုပ်စုများသည် ကိုယ်ပိုင်စစ်တပ်များကို ဖွဲ့စည်းလျက် ထိုစစ်တပ်များကို လမ်းပေါ်တွင် တိုက်ခိုက်စေသည်။

၁၉၁၉ ခုနှစ် ဇွန်လထဲတွင် ပထမကမ္ဘာစစ်ပွဲတွင် စစ်နိုင်သူများက ဂျာမန်ပြည်သူများ ကန့်ကွက်မည့် အကြောင်းအရာတစ်ခုကို ဖန်တီးပေးလိုက်သည်။ ပြင်သစ်ဦးဆောင်သော မဟာမိတ်များက ဂျာမန်အစိုးရသစ်အနေဖြင့် ဗာဆိုင်းစာချုပ်ဟုခေါ်သော ခပ်ကြမ်းကြမ်း ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခိုင်းသည်။ စာချုပ်ပါအချက်များကြောင့် ဂျာမနီသည် မိမိပိုင်နယ်မြေ ၁၃ ရာခိုင်နှုန်းကို ပေးလိုက်ရပြီး လျော်ကြေး အမေရိကန်ဒေါ်လာ ဘီလျံ၃၀ ပေးခဲ့ရသည်။ ဗာဆိုင်းစာချုပ်သည် ဂျာမနီစစ်တပ်၏ အရွယ်အစားကို ဆိုးရွားစွာ ကန့်သတ်လိုက်ခြင်းပင်တည်း။

ဟစ်တလာကဲ့သို့သော တပ်သားဟောင်းများက စာချုပ်ကို ဒေါသဖြင့်လည်းကောင်း၊ မယုံနိုင်စရာကောင်းသော အရာအဖြစ်လည်းကောင်း တုံ့ပြန်ခဲ့ကြ၏။ သူတို့သည် ကမ္ဘာ့အင်အားအကြီးဆုံး၊ ကမ္ဘာ့အတည်ငြိမ်ဆုံး၊ သက်ဦးဆံပိုင်နိုင်ငံများထဲက တစ်နိုင်ငံကို တိုက်ခိုက်ရန် ချီတက်ဆန္ဒပြကြသည်။ ယခုမူ သူတို့သည် အားနည်း၍ အမှားမှားအယွင်းယွင်းဖြစ်နေသော ဒီမိုကရေစီကိုရှာရန် အိမ်ပြန်လာကြပြီဖြစ်သည်။ ဂျာမန်အများစုကမူ သစ္စာဖောက်ခံရသည်ဟု မြင်သည်။ 'နောက်ကျောကို ဓားနှင့်အထိုးခံရသည်' ဟု ဟစ်တလာက ရေးသည်။

၁၉၁၉ ခုနှစ် စက်တင်ဘာလတွင် ဟစ်တလာ၏ မကျေမချမ်းဖြစ်မှုက သူ့ကို စစ်အပြီး ဖွဲ့စည်းသော နိုင်ငံရေးပါတီသစ်များထဲက တစ်ခုကို

mgyoe.com

mgyoe.com


ဦးဆောင်ရသူ ဖြစ်လာစေခဲ့၏။ မြူးနစ်မြို့တွင် အခြေချနေထိုင်ပြီးနောက် သူသည် အနည်းငယ်မျှသာရှိသော မျိုးစစ်အုပ်စုတစ်ခု၏ အစည်းအဝေးများကို စတင်တက်ရောက်တော့သည်။ မကြာခင် ထိုမျိုးချစ်အုပ်စုသည် ဂျာမန်အမျိုးသား ဆိုရှယ်လစ် အလုပ်သမားပါတီ (နာဇီပါတီ) ဖြစ်လာသည်။ ဟစ်တလာကမူ ကိုယ်ပိုင်ပါတီကို တည်ထောင်ချင်သည်။ သို့ရာတွင် နာဇီပါတီမှာ သူပုံသွင်းနိုင်သည့် အဖွဲ့ငယ်လေးဖြစ်ရာ သူသည် နာဇီပါတီကို ရွေးချယ်လိုက်သည်။

ဟစ်တလာသည် အရက်ဆိုင်များတွင်လည်းကောင်း၊ မြူးနစ်တစ်ဝိုက်က အစည်းအဝေးခန်းမများတွင်လည်းကောင်း မိန့်ခွန်းများကို စတင်ပြောကြားသည်။ အစတွင် သူသည် ပရိသတ် တစ်ရာ၊ နှစ်ရာခန့်ကို ဆွဲဆောင်နိုင်ခဲ့၏။ သူ့ဟောပြောပွဲများမှာ ဒေါသပါသော ပွဲများဖြစ်၏။ သူသည် လက်များကို မရပ်မနား အသုံးပြုသည်။ လက်ညှိုးကို မိုးပေါ်သို့ထိုးကာ လိုရင်းအချက်ကို ပြောသည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်သည်။

ပြောဆိုပုံမှာ ညို့ယူဖမ်းစားနိုင်စွမ်း ရှိသည်။ ပြောလိုရင်း သဘောတရားသည်ကား ကြောက်စရာကောင်းသည်။ ဂျာမနီနိုင်ငံကို အကြီးအကျယ် ထိခိုက်ပျက်စီးအောင်လုပ်သူများဟု သူစွပ်စွဲသော 'နိုဝင်ဘာရာဇဝတ်ကောင်များ' ကိုသူ အပြင်းအထန် ရှုံ့ချသည်။ ဂျူးများ၊ ကွန်မြူနစ်များကို မုန်းတီးကြောင်း ထုတ်ဖော်ပြောကြားသည်။ ဂျူးများကို အစိုးရရုံးများထဲ မဝင်ရဟု တားမြစ်သင့်ပြီး မယ်မယ်ရရ အလုပ်မရှိသူများကို ပြည်နှင်ဒဏ်ပေးသင့်သည့်အကြောင်း သူ့အမြင်ကို ထုတ်ဖော်သည်။ ဂျာမန်များသည် အစိုးရ၏ အာဏာကို ဆိုရှယ်ဒီမိုကရက်များထံမှ အဓမ္မသိမ်းယူရမည်ဟု တိုက်တွန်းသည်။ 'ဂျာမနီ၏ ဝေဒနာကို ဂျာမနီ၏ သံမဏိစိတ်ဓာတ်ဖြင့် ဖြိုခွင်းရမည်' ဟု သူက ကြွေးကြော်သည်။

'ဂျာမနီ၏ သတ္တိသွေးကို ပြရမည်' ဟုဆိုသည်။

mgyoe.com

mgyoe.com




ရဲရင့်ပေါက်ကွဲမှုများနဲ့
အမိန့်ပေးတတ်သူ
ဟစ်တလာရဲ့ပုံတိုင်။

ဟစ်တလာသည် စစ်သားဟောင်းများကို လူမိုက်မွေးလျက် ဤ တော်လှန်ရေးအတွက် ပြင်ဆင်သည်။ ဝတ်ဆင်သော ယူနီဖောင်းကို အစွဲပြု ၍ခေါ်သော သူ၏ ရှပ်ညိုများသည် မြူးနစ်ဝန်းကျင်တွင် ကြောက်စရာ ကောင်းသော အဖွဲ့တစ်ဖွဲ့ ဖြစ်လာလေသည်။ သူတို့သည် ဂိုဏ်းငယ်များ ဖွဲ့၍ လမ်းမများပေါ်တွင် ခြေဦးတည့်ရာ သွားလာကြပြီး သူတို့လမ်း ကြောင်းရှေ့က ဖြတ်သွားသောဂျူးများကို မကြာခဏ ရိုက်နှက်တတ်သည်။ သူတို့သည် နာဇီပါတီ အစည်းအဝေးပွဲများသို့တက်ကြပြီး အစည်းအဝေး တွင် ကတ်သီးကတ်သတ် မေးမြန်းသူများကို ကျာပွတ်များဖြင့်လည်း ကောင်း၊ ရာဘာတုတ်များဖြင့်လည်းကောင်း ရက်ရက်စက်စက် ရိုက်နှက် ကြသည်။ တစ်ခါတစ်ရံ ဟစ်တလာသည် လူမိုက်အုပ်စုကို ပြိုင်ဘက်ပါတီ အစည်းအဝေးများသို့ စေလွှတ်ကာ ဟောပြောသူများကို ခြိမ်းခြောက်ခိုင်း ခြင်း၊ ရန်ဖြစ်အောင်စပေးခြင်းတို့ လုပ်ခိုင်းသည်။ ကွန်မြူနစ်များကလည်း မိမိတို့၏ ကိုယ်ပိုင် စစ်သွေးကြွအဖွဲ့များကို ဖွဲ့စည်းထားကြသည်။ ကွန်မြူနစ်

mgyoe.com

mgyoe.com


စစ်သွေးကြွများသည်လည်း ရုပ်ညိုအဖွဲ့ကဲ့သို့ပင် ရက်စက်ကြလေသည်။

အခွင့်ကြုံတိုင်း အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရန် ဟစ်တလာက အားပေးသည်။ ၁၉၂၁ ခုနှစ် ဆောင်းဦးပေါက်တွင် သူသည် သူ၏ ရုပ်ညို အဖွဲ့များကို မုန်တိုင်းတပ်ဆွယ်အဖြစ် ဖွဲ့စည်းလိုက်သည်။ 'နာဇီပါတီကို လူမဆန်တဲ့အဖွဲ့၊ ရက်စက်တဲ့အဖွဲ့လို့ ဆိုကြတယ်။ ဒီစကားကြားရလို့ ကျွန်တော် အလွန်ပျော်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီစကားဟာ ကျွန် တော့်ရည်မှန်းချက်တွေနဲ့ ကျွန်တော့်ရဲ့ပါတီကို ကြောက်လန့်စေပြီး လူသိ များအောင် လုပ်နေလို့ပါပဲ' ဟု ၁၉၂၁ ခုနှစ် နိုဝင်ဘာလထဲတွင် သူက ပြောခဲ့လေသည်။


ဟစ်တလာ၏ပါတီမှာ စစ်အပြီး ကျဆင်းနေသော ဂျာမနီစီးပွားရေး မှ အကူအညီကိုလည်း ရရှိခဲ့ပါ၏။ အစိုးရသည် မဟာမိတ်များသို့ ပေးရ မည့် ဒဏ်ကြေးများရရှိရန် ငွေစက္ကူများကို မတန်တဆ ရိုက်နှိပ်ခဲ့ရ၏။ ကုန်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် သာမန် ဂျာမန်ပြည်သူများ သည် စားပွဲပေါ်သို့ အစားအသောက်ရောက်လာအောင်လုပ်ရန် ခက်ခဲနေ လေပြီ။ ငွေစုဆောင်းခြင်းမှာ ချက်ချင်း အကျိုးမဲ့သောလုပ်ရပ် ဖြစ်လာလေ သည်။ အလုပ်သမားများကို တစ်နေ့လျှင်နှစ်ကြိမ် လုပ်ခရှင်းပေးနေရ သည်။ သူတို့၏ လုပ်ခများမှာ လျင်မြန်စွာ တန်ဖိုးကျဆင်းသွားသော ကြောင့် တစ်နေ့ လုပ်ခနှစ်ကြိမ် ရှင်းပေးရခြင်း ဖြစ်ပါသည်။

ဂျာမန်ပြည်သူ သန်းပေါင်းများစွာသည် အလုပ်အကိုင် မရှိကြပေ။ နာဇီပါတီကမူ ပြည်သူတို့၏ အကြောက်တရားများနှင့် ပြည်သူတို့၏ မျှော် လင့်ချက်များကို မေတ္တာရပ်ခံ တောင်းပန်သည်။

ဂျူးများ၊ ကွန်မြူနစ်များအကြောင်း ဟစ်တလာ၏ ဒေါသတကြီး ပြောဆိုမှုများသည် ရုန်းကန်နေရသော အလုပ်သမားများ၊ သူတို့၏ ပြဿနာ များအတွက် အပြစ်ပုံချရမည့်သူကို တွေ့သွားသကဲ့သို့ ရှိသည်။ ဂျာမနီ ကို အင်အားကြီးနိုင်ငံပြန်ဖြစ်အောင် လုပ်ပေးပါမည်ဟူသော သူ့မေတ္တာ

mgyoe.com

mgyoe.com

၁၉၂၃ ဂျာမနီစီးပွားရေး ပြိုလဲချိန်က လက်တွန်းလှည်းများ ခြင်းတောင်းများနဲ့ ဘာလင်ဘဏ်သို့ ပေါင်မုန့်ဖိုးငွေသွင်းရန် ရောက်ရှိလာသူများ

ရပ်ခံချက်ကြောင့်လည်း လူထုသည် ပိုမိုတောက်ပသော အနာဂတ်ကို မျှော်လင့်လာကြ၏။ ၁၉၂၃ ခုနှစ်နှောင်းပိုင်းလောက်တွင် ဂျာမန် ၂၀,၀၀၀ ကျော်သည် နာဇီကို သစ္စာခံပါမည်ဟု သစ္စာဆိုခဲ့ကြသည်။


အာဏာသိမ်းရန် အချိန်တန်ပြီဟု ဟစ်တလာ ဆုံးဖြတ်လိုက်သည်။ မြူးနစ်ဘီယာခန်းမတွင်ပြုလုပ်သော လူထုစည်းဝေးပွဲသို့ တက်ရောက်လာသော အစိုးရထိပ်တန်းအရာရှိသုံးဦးကို ပြန်ပေးဆွဲကာ သူသည် အာဏာသိမ်းပွဲကို စတင်တော့သည်။ အရာရှိသုံးဦးကို ပြန်ပေးဆွဲပြီး မကြာခင် ၁၉၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ ည ၈ နာရီ ၃၀ မိနစ်တွင် ဟစ်တလာသည် ဘီယာခန်းမထဲက စင်မြင့်ပေါ်သို့ တက်ရောက်လာခဲ့ပြီး ပစ္စတိုကို

mgyoe.com

mgyoe.com


လေထဲ ပစ်ဖောက်လိုက်သည်။ သေနတ်သံသည် လူ ၃၀၀၀ ခန့်ကို အံ့အား သင့် ငြိမ်သက်သွားစေသည်။ 'အမျိုးသားတော်လှန်ရေး စတင်ပြီ' ဟု ဟစ်တလာက ကြေညာလိုက်သည်။

နောက်နေ့တွင် သူသည် နာဇီ ၂,၀၀၀ ကို မြူးနစ်လမ်းမများပေါ်သို့ ခေါ်ဆောင်သွားသည်။ စစ်တပ်နှင့် သာမန်ပြည်သူများက သူ့အမိန့်အတိုင်း ဘာလင်မြို့တော်ကို ချီတက်၍ အစိုးရကို ထိန်းချုပ်လိမ့်မည်ဟု ဟစ်တလာ တွက်ဆခဲ့သည်။ စစ်တပ်နှင့် ဂျာမန်လူထုမှာ မည်သည့်လှုပ်ရှားမှုမျှ မလုပ် ခဲ့ကြပေ။ နိုင်ငံတော်ရဲတပ်ဖွဲ့က ဟစ်တလာ၏ လူမိုက်များကို အော်ဟစ် စည်းရုံးသည်။ နေ့ခင်းပိုင်းလောက်တွင် ရဲက နာဇီများကို ပစ်ခတ်လေတော့ သည်။ အနည်းဆုံး လူ ၂၀ ဦး အသတ်ခံခဲ့ရပြီး နာဇီများလည်း ဖရိုဖရဲ



ဘီယာခန်းမ အာဏာသိမ်းပွဲအတွင်း တွေ့ရတဲ့ မြူးနစ်မှ ရုပ်ညှိဝတ်နာဇီများ။
(ထိုစဉ်က ဟစ်တလာမှာ နိုင်ငံတော်ပုန်ကန်မှုဖြင့် အဖမ်းခံရသည်။)

mgyoe.com

mgyoe.com


ဖြစ်ကုန်သည်။

ဟစ်တလာသည် ပြေးပုန်းရန် ကြိုးစားသော်လည်း ရဲက သူ့ကို ခြေရာခံနိုင်ခဲ့ပြီး နိုင်ငံတော်ပုန်ကန်မှုဖြင့် သူ့ကို ဖမ်းဆီးလိုက်လေသည်။ သူ၏ နိုင်ငံရေးသမားဘဝမှာ နိဂုံးချုပ်တော့မည်ပုံ ထင်ရသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၅)

## ကျွန်ုပ်၏ ကြိုးပမ်းမှု

ဘီယာခန်းမ အာဏာသိမ်းပွဲ ပြီးဆုံးခဲ့ပြီးနောက် ဟစ်တလာသည် နိုင်ငံတော် ပုန်ကန်မှုဖြင့် တရားစွဲခံရပြီး မြူးနစ်မြို့နားက အကျဉ်းထောင်သို့ ပို့ခြင်းခံရသည်။ တစ်ချိန်က ဂုဏ်ယူစရာကောင်းခဲ့သော နာဇီခေါင်းဆောင်မှာ ဂျာမနီနိုင်ငံတွင် အများရယ်စရာကြီး ဖြစ်ရလေတော့သည်။ နိုင်ငံရေးကာတွန်းများကလည်း ဘီယာခန်းမထဲကနေ အာဏာသိမ်းရန်ကြံစည်သူဟု ဟာသလုပ်ကြသည်။

ဟစ်တလာကို ပြင်းထန်စွာ အရေးယူရန် ပျက်ကွက်ခဲ့သူများသည် အန္တရာယ်ကြီးသော အမှားကို ကျူးလွန်မိကြခြင်းပင်တည်း။ ၁၉၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဟစ်တလာကို ရုံးထုတ်သည်။ သူသည် စွဲချက်များကို ထိန်းချုပ်ရန် ကြိုးစားလေတော့၏။ ဂျာနယ်လစ်များ၊ သြဘာပေးနေသော ထောက်ခံသူများ၏ ရှေ့မှောက်ဝယ် သူသည် တရားရုံးကို နာဇီဝါဒ ဖြန့်ချိရာ နေရာအဖြစ် အသွင်ပြောင်းလိုက်သည်။ တရားသူကြီးများနှင့် မျက်မြင်သက်သေများကို သူက အော်ဟစ်ပြောဆိုသည်။ သူ၏ အဖွင့်စကား တစ်ခုတည်းသည်ပင် လေးနာရီကြာမြင့်သည်။

mgyoe.com

mgyoe.com


ဟစ်တလာသည် သူ့ကို စွပ်စွဲသူများရှေ့တွင်ရပ်၍ သူသည် အာဏာသိမ်းရန် ကြိုးစားသဖြင့် အပြစ်ရှိပါကြောင်း ဝန်ခံသည်။ သို့ရာတွင် မဟာမိတ်များထံ လက်နက်ချ၍ ဗာဆိုင်းစာချုပ်ကို လက်မှတ်ရေးထိုးသူများသည်သာ ရာဇဝတ်ကောင်စစ်စစ်များဖြစ်သည်ဟု လေးလေးနက်နက်ပြောသည်။ '၁၉၁၈ သစ္စာဖောက်တွေလောက် နိုင်ငံတော်ပုန်ကန်မှုလုပ်ရာမှာ အပြစ်ကြီးသူတွေ မရှိတော့ပါဘူး' ဟု မိုးချုန်းသံကဲ့သို့ ပြောသည်။ သူ၏ အပိတ်စကားကြောင့် သတင်းထောက်များ သနား၍ မျက်ရည်ကျခဲ့ရလေသည်။

ဟစ်တလာ၏ အမှုကို စီရင်ရသော တရားသူကြီးများက သူ့ကို အနိမ့်ဆုံးပြစ်ဒဏ်ကိုသာ ချမှတ်သည်။ ထောင်ဒဏ်ငါးနှစ် ချမှတ်လိုက်သည်။ သို့ရာတွင် သူ၏ အထူးပြုလုပ်ချက်မှာ သည်တွင် အဆုံးမသတ်သေးပေ။ လန်းစ်ဘယ်အကျဉ်းထောင်တွင် အစောင့်များသည် ဟစ်တလာကို ဧည့်သည်များနှင့် တောက်လျှောက်တွေ့ခွင့်ပြုပေးခဲ့၏။ သူငယ်ချင်းများက အပြင်မှ သတင်းများကို ပြောပြကြသည်။ ထို့အပြင်လည်း ဟစ်တလာသည် အိမ်ချက်အစားအသောက်များကို ပရိဘောဂအပြည့် ဆင်ပေးထားသော အကျဉ်းခန်းထဲတွင် စားသောက်ခွင့်ရလေသည်။

လန်းစ်ဘတ်ထောင်ပိုင်ထံမှ အရေးအကြီးဆုံးလက်ဆောင်တစ်ခုကို ဟစ်တလာ လက်ခံရရှိခဲ့လေသည်။ ယင်းလက်ဆောင်မှာ လက်နှိပ်စက်ဖြစ်ပါသည်။ နောင်လာမည့် ကိုးလတာ ကာလအတွင်း ဟစ်တလာသည် အကျဉ်းခန်းထဲထိုင်၍ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးလေတော့သည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိကို သူက Mein kampf သို့မဟုတ် 'ကျွန်ုပ်၏ အပြင်းအထန်ကြိုးပမ်းမှု' ဟု ခေါင်းစဉ်တပ်လိုက်သည်။ တောင်ရောက်မြောက်ရောက် ရေးထားသော စာမျက်နှာ ၇၈၂ မျက်နှာထဲတွင် ဟစ်တလာသည် ဂျာမနီ၏ အနာဂတ်စီမံကိန်းများကိုပါ ချပြထားသည်။ သူ့စာအုပ်၏ အဓိကအနှစ်သာရမှာ လူ့ဘဝ၏ ရက်စက်သော လူမျိုးရေးအမြင်ကို ထင်ဟပ်ထား

mgyoe.com


mgyoe.com


ခြင်းဖြစ်သည်။

လူမျိုးနွယ်အားလုံးကို အထက်တန်းစားလူမျိုးနှင့် အောက်တန်းစားလူမျိုးဟူ၍ သူက ပိုင်းခြားပြထားသည်။ အာရိယန် သို့မဟုတ် ဥရောပမြောက်ပိုင်း လူမျိုးများကိုမူ သူက ထိပ်ဆုံးအဆင့်တွင် နေရာပေးထားသည်။ ဟစ်တလာ၏ အလိုအရ စံပြုထိုက်သော အာရိယန်လူမျိုးမှာ ရွှေရောင်ဖျော့ဆံပင်ရှိသူနှင့် မျက်လုံးပြာရှိသူများဟု ဆိုပါသည်။ ဟစ်တလာ၏ လူတန်းစားခွဲခြားမှုဇယား အောက်ခြေနားတွင် အာဖရိကသားများ၊ အာရှသားများ၊ ဆလပ်လူမျိုးများနှင့် အခြားလူမျိုးများ ရပ်တည်နေသည်။ ထုံးစံအတိုင်း သူသည် ဂျူးများကို အောက်ဆုံးတွင် နေရာချထားသည်။

ယနေ့ခေတ်တွင် သိပ္ပံပညာရှင်များသည် လူမျိုးအလိုက် လူကို အဆင့်ခွဲခြင်း မလုပ်နိုင်ဟု ဆိုသည်။ လူမျိုးတစ်မျိုးက လူမျိုးတစ်မျိုးထက် ပိုမိုနိမ့်ကျသည်ဟု ပြော၍မရဟု ဆိုပါသည်။

ဂျာမနီနိုင်ငံ၏အနာဂတ်၊ အထူးသဖြင့် လူသားအားလုံး၏ အနာဂတ်ကို လူမျိုးစုအချင်းချင်း အားပြိုင်မှုကသာ အဆုံးအဖြတ်ပေးလိမ့်မည်ဟု




ထောင်တွင်းရေးသားခဲ့တဲ့ ဟစ်တလာရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ "Mein Kampf" စာအုပ်

mgyoe.com

mgyoe.com


ဟစ်တလာက ဆိုလိုက်ပါသေးသည်။ အာရိယန်လူမျိုးက လူမျိုးစုတိုက်ပွဲကို စိန်ခေါ်မည်ဖြစ်ပြီး ၎င်း၏ အားနည်းသော ပြိုင်ဘက်လူမျိုးစုများကို အောင်နိုင်လိမ့်မည်ဟု သူက တိုက်တွန်းထားသေးသည်။ 'အားအကောင်းဆုံးလူမျိုးက လွှမ်းမိုးမယ်၊ အားကောင်းသူတွေက အားနည်းသူတွေနဲ့ ရောလိမ့်မယ်မဟုတ်ဘူး၊ ဒါကြောင့် သူရဲ့ ကြီးမြတ်မှုကို ပူဇော်ရလိမ့်မယ်' ဟု သူက ရေးသည်။

ဟစ်တလာ၏ ရက်စက်သောလောကအမြင်တွင် ဒီမိုကရေစီအတွက် နေရာမရှိပေ။ သာမန်လူတို့ကို လူ့မလိုင်တို့ကသာ အုပ်ချုပ်သင့်သည်ဟု ဆိုသည်။ အဆင့်နိမ့်ကျသည်ဟု သူ သတ်မှတ်ထားသော မျိုးနွယ်စုများကို မဲပေးခွင့်မပြုသင့်ဟု ပြောသည်။

ငြိမ်းချမ်းရေးအတွက် နေရာအနည်းငယ်သာ ရှိသည်။ အာရိယန်လူမျိုးတို့ နယ်မြေချဲ့ထွင်ရန်၊ ကြီးပွားတိုးတက်ရန် နေစရာနေရာ လိုအပ်သည်ဟု ဟစ်တလာက အခိုင်အမာ ပြောသည်။ အမျိုးမြတ်သူများသည် အောက်တန်းကျသော လူမျိုးများထံမှ မြေယာကို သိမ်းယူခွင့်ရှိကြောင်း ဟစ်တလာက ပြောသည်။ ဟစ်တလာသည် သူ၏ အကြင်နာမဲ့သော ရည်ရွယ်ချက်များကို ဖုံးကွယ်ရန် မကြိုးစားပေ။ သူသည် ပိုလန်နှင့် ဆိုဗီယက်ပြည်ထောင်စုကို ကျူးကျော်ချင်သည်။ ဆလပ်လူမျိုးများနှင့် ဂျူးများကို နှင်ထုတ်ချင်နှင်ထုတ် သို့မဟုတ် ကျွန်ပြုချင်ကျွန်ပြုနိုင်သည်။ သူသည် အောင်မြေများကို ကိုလိုနီပြုရန် ဂျာမန်များကို စေလွှတ်ပါလိမ့်မည်။

လက်နှိပ်စက်မှု ပြီးစီးသွားသည်နှင့် တစ်ပြိုင်တည်း ဟစ်တလာသည် နာဇီပါတီကို ပြန်လည်ဖွဲ့စည်းရန် အစီအမံများကို စတင်စဉ်းစားလေတော့သည်။ ဘီယာခန်းမထဲတွင် အာဏာသိမ်းမှုမပြုခင်က လက်နက်ဖြင့် အာဏာသိမ်းရန် အကြံထုတ်ခဲ့ဖူးသည်။ ယခုမူ သူသည် ဒီမိုကရေစီကျသော ရွေးကောက်ပွဲများမှတစ်ဆင့် ဂျာမနီနိုင်ငံကို တရားဝင်ထိန်းချုပ်နိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

mgyoe.com

mgyoe.com


ဟစ်တလာသည် ၁၉၂၄ ခုနှစ် အေးစက်လှသော ဒီဇင်ဘာ၏ နေ့တစ်နေ့တွင် အကျဉ်းထောင်ကနေ လွတ်မြောက်လာခဲ့သည်။ အပြုအမူကောင်းသည်ဆိုပြီး ကိုးလအကြာတွင် ထောင်မှ လွတ်မြောက်လာခြင်း ဖြစ်ပါသည်။ မိတ်ဆွေနှစ်ဦးက ထောင်တံခါးဝတွင် သူ့ကို တွေ့ဆုံပြီး မြူးနစ်သို့ ကားဖြင့်ခေါ်သွားသည်။ ယခုလို လွတ်လာချိန်တွင် ဘာလုပ်ရန် စီစဉ်ထားပါသလဲဟု မိတ်ဆွေတစ်ဦးက ဟစ်တလာကို မေးသည်။ 'အစကနေ ပြန်စရမှာပဲ။ အစကနေပေါ့ဗျာ' ဟု သူက ပြောလိုက်သည်။



လန်းစ်ဘတ်အကျဉ်းထောင် တံခါးဝတွင်
ထောင်မှလွတ်လာတဲ့ ဟစ်တလာကို တွေ့ရစဉ်။

mgyoe.com

mgyoe.com

# အခန်း (၆)
# ပြန်လည်စတင်ခြင်း

ထောင်ကလွတ်လာသည့်အခါ ထောင်ကျပြီးနောက်ပိုင်း ဂျာမနီနိုင်ငံသည် ခိုင်ခိုင်မာမာ နာလန်ပြန်ထူလာသည်ကို သူတွေ့ရသည်။ အစိုးရသည် ကြောက်ခမန်းလိလိ မြင့်တက်နေသော ကုန်ဈေးနှုန်းများကို ကျဆင်းအောင် လုပ်နိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုမှ ရရှိသော ပြည်ပချေးငွေများက ဂျာမနီစီးပွားရေး မြင့်တက်လာအောင် အထောက်အကူပြုခဲ့သည်။ လူများ အလုပ်အကိုင် ရလာကြသည်။ နောက်ဆုံးတွင် အနာဂတ်သည် ဂျာမန်ပြည်သူတို့အတွက် တောက်ပလာသည်။

စီးပွားရေးကောင်းလာခြင်းကြောင့် နာဇီတို့သည် မိမိတို့၏ အမုန်းတရားအာဘော်ကို ဖြန့်ဝေရန် ပိုမိုခက်ခဲလာလေသည်။ ဟစ်တလာသည် ထောက်ခံသူများရရှိအောင် အမျက်ဒေါသနှင့် ရက်စက်မှုကို ကျင့်သုံးသူဖြစ်သည်။ ပျော်ရွှင်နေသော ဂျာမန်များ၊ ကြီးပွားချမ်းသာနေသော ဂျာမန်များသည် သူ၏ စက်ပုန်းခုတ် အကြံအစည်များကို အနည်းငယ်မျှသာ လိုအပ်ပါတော့သည်။ ၁၉၂၄ ပါလီမန်ရွေးကောက်ပွဲများတွင် အမျိုးသားဆိုရှယ်လစ်ပါတီက မဲအရေအတွက် ၃ ရာခိုင်နှုန်းဖြင့် အနိုင်ရသွားသည်။

mgyoe.com

mgyoe.com


ဂျာမန်ပါလီမန် ရိုက်စတက် (Reichstag) တွင် အာဏာလက်မဲ့ဖြစ်ခဲ့ရသော ဟစ်တလာသည် နှစ်အနည်းငယ်အကြာတွင် နာဇီပါတီကို အင်အားကြီးမားအောင် တည်ဆောက်တော့သည်။ သူ့အမိန့်များ အာဏာတည်စေရန် ဒေသခံ ပါတီခေါင်းဆောင်များကို ခန့်အပ်သည်။ နာဇီအာဘော်ကိုဖြန့်ရန် အပြောအဟောကောင်းသူများကို လေ့ကျင့်ပေးသည်။ ပါတီက လူအင်အားနည်းသည်။ သို့ရာတွင် ပါတီဝင် ၄၀,၀၀၀ သည် ပါတီ၏ မူဝါဒကို သက်ဝင်ယုံကြည်ကြသည်။ ပါတီဝင်များသည် နောက်လာမည့် အခွင့်အရေးကို ဆုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေကြသည်။

ထိုအခွင့်အရေးသည် မဟာစီးပွားပျက်ကပ်ဟုခေါ်သည့် အဖျက်စွမ်းအားကြီးမားသော စီးပွားရေးအကျပ်အတည်းပုံစံဖြင့် ရောက်ရှိလာခြင်းဖြစ်ပါသည်။ ၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် အမေရိကန်စတော့ဈေးကွက် ပြိုလဲသွားသည်။ ကမ္ဘာတစ်ဝန်းက ဘဏ်များအားလုံးပြိုလဲသွားသည်။ အမေရိကန်၊ ဂရိတ်ဗြိတိန်၊ ပြင်သစ်တို့ကဲ့သို့သော ကြွယ်ဝသည့် နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ ပြိုကျကုန်သည်။ ဂျာမနီ၏ နိုင်ငံခြားဈေးငွေများသည်လည်း ကုန်ခန်းသွားသည်။ စီးပွားရေးလုပ်ငန်းအများစု ပြိုလဲကုန်သည်။ ဂျာမနီ၏ အလုပ်လက်မဲ့နှုန်းမှာ စီးပွားပျက်ကပ်မတိုင်ခင် ၆၅၀,၀၀၀ ရှိခဲ့ရာမှ ၁၉၃၀ ပြည့်နှစ် အစောပိုင်းကာလတွင် ၅ သန်းကျော်အထိ ခုန်တက်သွားသည်။

ဂျာမနီကို အုပ်ချုပ်နေဆဲဖြစ်သော ဆိုရှယ်ဒီမိုကရက်တစ်များသည် သူတို့အပေါ် ထောက်ခံမှု ကျဆင်းသွားတာကို သည်အတိုင်း ကြည့်နေခဲ့ရ၏။ ဂျာမန်သန်းပေါင်းများစွာသည် အရာရာ ဆုံးရှုံးသွားကြသည်။ ဆင်းရဲမွဲတေသွားခြင်းအတွက် အစိုးရကိုသာ အပြစ်တင်ကြလေသည်။ ကွန်မြူနစ်သို့မဟုတ် နာဇီတို့ကသာ ပိုမိုကောင်းမွန်သော ဘဝကို ဖန်တီးပေးနိုင်ဖွယ်ရှိသည်ဟု ပြည်သူများ တွေးစပြုပြီ။ ရွေးကောက်ပွဲများတွင် နာဇီပါတီသည် မဲ ၁၈.၃ ရာခိုင်နှုန်း အသာဖြင့် အောင်ပွဲခံလိုက်သည်။ သို့ဖြစ်ရာ

mgyoe.com

mgyoe.com


နာဇီပါတီသည် ရိုက်စတက်လွှတ်တော်တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီပြီးလျှင် ဒုတိယ အင်အားအကြီးဆုံးပါတီ ဖြစ်လာလေသည်။

နှစ်ပေါင်းများစွာတိုင်အောင် အဒေါ့ဖ်ဟစ်တလာသည် စစ်မှန်သော နိုင်ငံရေးပါဝါ အနည်းငယ်မျှသာရှိသော ပါတီတစ်ခု၏ အကြွင်းမဲ့ခေါင်းဆောင် ဖြစ်ခဲ့လေသည်။ ယခုသော် သူသည် နေ့ချင်းညချင်း ဩဇာအရှိဆုံး နိုင်ငံရေးသမားတစ်ဦး ဖြစ်လာလေသည်။

အာဏာသည် ဟစ်တလာ၏ လက်အတွင်းမှာပင်ရှိသည်။ သို့ရာတွင် ဂျာမန်လူမျိုးအများစုကမူ နာဇီသည် အညိုရောင်ရှပ်အင်္ကျီဝတ်ထားသော လူရမ်းကားအုပ်စုဆိုတာထက် အနည်းငယ်မျှသာပိုသည်ဟု ထင်ထားဆဲဖြစ်သည်။ နာဇီပါတီကို လူရိုသေရှင်ရိုသေဖြစ်အောင် ဟစ်တလာသည် မဆုတ်မနစ် အလုပ်လုပ်သည်။ ဘီယာခန်းမထဲ အာဏာသိမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် ဒေသဆိုင်ရာ အစိုးရများက မုန်တိုင်းတပ်ဖွဲ့ကို လူသိရှင်ကြား ယူနီဖောင်းဝတ်ခွင့် ပိတ်ပင်လိုက်သည်။ ဟစ်တလာကမူ သူ၏ ရှပ်ညိုများ ဥပဒေကို လိုက်နာရန်၊ လမ်းပေါ်တွင် ကွန်မြူနစ်နှင့် ဂျူးများကို စော်ကားခြင်းများ ရပ်တန့်ရန် တိုက်တွန်းသည်။

ဟစ်တလာသည် လူထုကို မိန့်ခွန်းဆယ့်နှစ်ကြိမ် ပြောသည်။ မိန့်ခွန်းပြောရာတွင်လည်း ပရိသတ်တစ်ဦးစီကို သူ့အာဘော်များ စနစ်တကျ ရိုက်သွင်းသည်။ စီးပွားရေးသမားများကို ဟောပြောသည့်အခါ သူသည် အလုပ်သမားသမဂ္ဂများကို ဝေဖန်သည်။ အလုပ်သမားအုပ်စုများကို ပြောသည့်အခါ အလုပ်အကိုင်များ ဖန်တီးပေးပါမည်ဟု ကတိပေးသည်။ ပညာတတ်များရှေ့တွင်မူ ဂျူးများကို နှိပ်ကွပ်မည့် သူ့အကြံအစည်များကို ချပြသည်။ ဟစ်တလာသည် ဂျာမနီကို ကြီးမြတ်သောနိုင်ငံဖြစ်အောင် လုပ်ပေးနိုင်မည့် ချင့်ချင့်ချိန်ချိန်လုပ်တတ်သူဟု လူပေါင်းများစွာက မြင်သည်။

ဟစ်တလာသည် သူ့အာဘော်ကို ဖြန့်ပေးသည့် ဝါဒဖြန့်ချိရေးဝန်ကြီး ဂျိုးဆက်ဂိုဘယ်ကို အားကိုးသည်။ ဂိုဘယ်သည် ဟစ်တလာ၏ ကျော

mgyoe.com